# တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားခြင်း

တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity) အား အောက်ဖော်ပြပါ အခြေအနေနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

(၁) အလည်အပတ်လာရောက်စဉ် ခရီးစဉ်အတွင်း နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများ
(၂) အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူများ
(၃) မြန်မာနိုင်ငံသို့ပြန်လိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တရားဝင် နိုင်ငံကူးလက်မှတ် လက်ဝယ်မရှိသူများ

**(၁) အလည်အပတ်လာရောက်စဉ် ခရီးစဉ်အတွင်း နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသူများ လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများ**

(က) ကိုယ်ရေးလျှောက်လွှာ (သံအမတ်ကြီးထံလိပ်မူ၍ လက်ရှိနိုင်ငံတွင် နိုင်ငံကူးလက်မှတ် မည်သည့်အကြောင်းကြောင့် ပျောက်ဆုံးကြောင်း ရှင်းလင်းဖော်ပြထားသည့် ကိုယ်ရေး လျှောက်လွှာ)
(ခ) ကိုယ်ရေးရာဇဝင်လျှောက်လွှာ (လျှောက်လွှာတွင် အချက်အလက်များ အားလုံးပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားသူလက်မှတ်ထိုးရန် လိုအပ်ပါသည်။)
(ဂ) နိုင်ငံကူးလက်မှတ် (မိတ္တူ)/ မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားများ
(ဃ) သက်ဆိုင်ရာ နိုင်ငံသို့ တရားဝင် ဝင်ရောက်လာသူဖြစ်ကြောင်း ရယူခဲ့သည့် ဗီဇာ (မိတ္တူ)
(င) ၆ လအတွင်း ရိုက်ကူးထားသော ပါတ်စပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ (၃) ပုံ
(စ) နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း ရဲစခန်းမှ ထောက်ခံစာ

**(၂) အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူများ နှင့်**
**(၃) မြန်မာနိုင်ငံသို့ ပြန်လိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တရားဝင်နိုင်ငံကူးလက်မှတ် လက်ဝယ်မရှိသူများ**

(က) ကိုယ်ရေးလျှောက်လွှာ (သံအမတ်ကြီးထံလိပ်မူ၍ လက်ရှိနိုင်ငံသို့ မည်သို့မည်ပုံ ရောက်ရှိလာကြောင်း ရှင်းလင်းဖော်ပြထားသည့် ကိုယ်ရေး လျှောက်လွှာ)
(ခ) ကိုယ်ရေးရာဇဝင်လျှောက်လွှာ (လျှောက်လွှာတွင် အချက်အလက်များ အားလုံးပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားသူလက်မှတ် ထိုးရန် လျှောက်ထားရန် လိုအပ်ပါသည်။)
(ဂ) နိုင်ငံကူးလက်မှတ် (မိတ္တူ)/ မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားများ
(ဃ) ၆ လအတွင်း ရိုက်ကူးထားသော ပါတ်စပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ (၃) ပုံ
(င) သက်ဆိုင်ရာ ရုံး/ဝန်ကြီးဌာနတို့မှ အကြောင်းကြားစာ